# ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ

**(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅။)**

**၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)**

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ (ခ) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံသား** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီး သူတို့ကို ဆိုသည်။

(ခ) **ငြိမ်းချမ်းစွာစုဝေးခြင်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများ ပြည်သူဆိုင်ရာနေရာတွင် မိမိသဘောထားဆန္ဒကိုဖော်ပြရန်အလို့ငှာ တစ်ဦးထက်

ပိုသူများက သတ်မှတ်စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ ရောက်ရှိခြင်း၊ ဟောပြောခြင်းကို ဆိုသည်။

(ဂ) **ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်ခွင့်ပြုသည့် အများပြည်သူ ဆိုင်ရာလမ်းတွင် မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ တစ်ဦးထက် ပိုသူများက သတ်မှတ်သည့် စည်းကမ်းများနှင့်အညီ လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စနစ်တကျ လှည့်လည်ခြင်းကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုရန် ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(င) **ပိုစတာ** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အသေရေကိုနစ်နာမှု မဖြစ်စေသော မိမိဆန္ဒ သဘောထားနှင့် လိုလားချက်တို့ကို စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုင်းဘုတ်၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီ၊ ကာတွန်းသို့မဟုတ် ရုပ်တုဖြင့်ဖြစ်စေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်သည့်နည်းလမ်းဖြင့် ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ဖော်ပြပြီး လက်တွင်ကိုင်ဆောင်နိုင်ရန်၊ မြေတွင် စိုက်ထူနိုင်ရန်၊ အရာဝတ္ထုတစ်ခုခုတွင် ကပ်ထားနိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသည့်အရာကို ဆိုသည်။

(စ) **ဆိုင်းဘုတ်** ဆိုသည်မှာ ပါတီ သို့မဟုတ် အသင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အမည်၊ အထိမ်းအမှတ်တံဆိပ်တို့ကို ရေးသားဖော်ပြချက်များအပါအဝင် လူတစ်ဦးတစ်ယောက်၏ အသရေကို နစ်နာမှုမဖြစ်စေသော မိမိဆန္ဒသဘောထားနှင့် လိုလားချက်တို့ကိုစာဖြင့် ရေးသား၍ လက်တွင်ကိုင်ဆောင် နိုင်ရန်၊ မြေတွင်စိုက်ထူနိုင်ရန်၊ တစ်နေရာရာ၌ ချိတ်ဆွဲ နိုင်ရန် သို့မဟုတ် တစ်နည်းနည်းဖြင့်ဖော်ပြနိုင်ရန် စီမံပြုလုပ်ထားသောအရာကို ဆိုသည်။

(ဆ) **လက်နက်** ဆိုရာတွင် လက်နက်အက်ဥပဒေများနှင့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လက်နက်ကိရိယာ တန်ဆာပလာများအပြင် သူတစ်ဦး တစ်ယောက်အား ဘေးအန္တရာယ် တစ်စုံတစ်ရာ ဖြစ်စေနိုင်သော ပစ္စည်းလည်း ပါဝင်သည်။

(ဇ) အလံ ဆိုရာတွင် နိုင်ငံတော်အလံ၊ တရားဝင်ပါတီနှင့် တရားဝင်အသင်းအဖွဲ့အလံတို့ ပါဝင်သည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

## အခန်း(၃)

## ခွင့်ပြုမိန့်လျှောက်ထားခြင်း

၄။ မိမိသဘောထားဆန္ဒကို ဖော်ပြရန်အလို့ငှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသောနိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများသည် ခွင့်ပြုမိန့်ရရှိရန် အောက်ပါ အချက်များပါဝင်သော လျှောက်လွှာကို သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ယင်းသို့ဆောင်ရွက်မည့် နေ့ရက်မတိုင်မီ အနည်းဆုံး ငါးရက်ကြိုတင်၍ တင်ပြရမည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ နေ့ရက်၊အချိန်အပိုင်းအခြား၊ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရာတွင် ဟောပြောလိုသည့် အကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊

(ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်လိုသည့် ရည်ရွယ်ချက်၊လမ်းကြောင်း၊ နေ့ရက်၊ အချိန်အပိုင်း အခြားနှင့် အချိန်အပိုင်းအခြားနှင့် ကြွေးကြော်သံများ၊

(ဂ) ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်တို့အတွက် လျှောက်ထားသူ၊ ဦးဆောင်မည့် ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ ကိုယ်ရေးအချက်အလက်၊

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုလုပ်မည့် အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ၊

(င) ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ် အနေဖြင့် ဆောင်ရွက်ပါကယင်းအဖွဲ့အစည်း၏ ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား၊

(စ) ခွင့်ပြုမိန့်ရရှိပါက ဤဥပဒေပါစည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်ပါစည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်းဝန်ခံချက်။

## **အခန်း(၄)**
## **ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း**

၅။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးက ဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်း တစ်ရပ်ရပ်က ဖြစ်စေ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့်ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းမပြုရ။

၆။ ပုဒ်မ ၅ အရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်းတို့ကို မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူးထံသို့ လည်းကောင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံသို့ လည်းကောင်းဆောလျင်စွာ တင်ပြ ထားရမည်။

၇။ သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးသည်-

(က) ခွင့်ပြုမိန့်ထုတ်ပေးလျှင် ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်ရန် ခွင့်ပြုမည့်နေ့ရက်နှင့်အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

( ခ ) ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ပါက ကျိုးကြောင်းဖော်ပြ၍ လျှောက်ထားချက်ပါနေ့ရက်နှင့်အချိန်မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၈။ ခွင့်ပြုမိန့်တွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းပြုရမည့် နေ့ရက်၊ နေရာနှင့် အချိန်အပိုင်းအခြား၊

( ခ ) ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း ပြုရမည့်နေ့ရက်၊ ဖြတ်သန်းသွားလာရမည့်လမ်းကြောင်းနှင့် အချိန်အပိုင်းအခြား၊

( ဂ ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့တွင်ပါဝင်ခွင့်ပြုသည့်ဦးရေ၊

(ဃ) ဟောပြောခွင့်ရရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်နှင့်နေရပ်လိပ်စာ၊

( င ) ဒေသဆိုင်ရာလိုအပ်ချက်အရ သတ်မှတ်သောစည်းကမ်းများ။

၉။ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခံရခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အယူခံဝင်ရောက်နိုင်သည်-

(က) ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြားသည့်စာကိုလက်ခံရရှိသည့်နေ့မှ ခုနစ်ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ အယူခံနိုင်သည်။

( ခ ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးသည်ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ယင်းအယူခံလွှာ လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် အဆုံးအဖြတ်ပေးရမည်။

( ဂ ) ပုဒ်မခွဲ(ခ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးကချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၅)

## စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်းပြုရမည်။

၁၁။ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ရာတွင် အများပြည်သူအား အနှောင့်အယှက်မဖြစ်စေရေးအတွက် ခွင့်ပြုမိန့်တွင် သတ်မှတ်ထားသည့် လမ်းကြောင်းအစနေရာတွင် စတင်စုဝေးပြီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းသာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းပြုသူများသည် အောက်ပါ စည်းကမ်းများကို လိုက်နာရမည်-

(က) အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ အန္တရာယ် ဖြစ်စေခြင်း သို့မဟုတ်ထိခိုက်နစ်နာစေခြင်းသော်လည်းကောင်း၊ ယင်းသို့ ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်း သော်လည်းကောင်း ဖြစ်နိုင်သည့်အပြောအဆို သို့မဟုတ် အပြုအမူ ကို မပြုလုပ်ရ။

(ခ) ခွင့်ပြုထားသော စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်း တစ်လျှောက်ရှိ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက် ပျက်စီးစေမည့် အပြုအမူ၊ ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။

(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရ။

(ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် မည်သည့် လက်နက် တစ်မျိုးမျိုးကိုမျှ ကိုင်ဆောင်ခြင်းမပြုရ။

(င) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကိုဖြစ်စေ၊ လူသိက္ခာနှင့် ကိုယ်ကျင့်တရားကိုဖြစ်စေထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။

(စ) မမှန်ကန်သောသတင်းများ (ကောလာဟလ)များကို ဖြစ်စေ၊ မမှန်ကန်သော အချက်အလက် များကို ဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။

(ဆ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ပြုရာတွင် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ် များကို ကိုင်ဆောင်ခြင်း၊ပြသခြင်းပြုလုပ်နိုင်သည်။

(ဇ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အသံချဲ့စက် အသုံးပြုခြင်း၊ ခွင့်ပြုထားကြွေးကြော်သံများမှအပ ကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်း မပြုလုပ်ရ။

(ဈ) တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို လိုက်နာရမည်။

(ည) လိုအပ်ချက်အရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

(ဋ) ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲလူစုခွဲရမည်။

## အခန်း(၆)

## အရေးယူဆောင်ရွက်ခြင်း

၁၃။ ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်းသို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန် လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန် လည်းကောင်း ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိ တစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

၁၄။ ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သော ရဲအရာရှိတစ်ဦးဦးသည်-

(က) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကိုပြုလုပ်သည့်နေရာတွင် ဤဥပဒေပါ စည်းကမ်း သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်း မရှိကြောင်း တွေ့ရှိရပါ က ဦးဆောင်သည့်ပုဂ္ဂိုလ်အား သတိပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ သတိပေးသည်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါကမြို့နယ်ရဲတပ်ဖွဲ့မှူးထံ ချက်ချင်း တင်ပြရမည်။

၁၅။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ)အရ တင်ပြချက်ကို ရရှိလျှင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးထံ ချက်ချင်းတင်ပြခွင့်ပြုချက်ရယူပြီး ငြိမ်းချမ်းစွာစုဝေးခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ခွင့်ပြုမိန့်ကိုသော်လည်းကောင်း

ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်းကို တာဝန်ရှိသူက နှုတ်ဖြင့်ကြေညာပြီးနောက် ၂၄ နာရီ အတွင်း စာဖြင့် အကြောင်းကြားရမည်။

၁၆။ ခွင့်ပြုမိန့်ကို ရုပ်သိမ်းကြောင်း ကြေညာပြီးနောက် ဆက်လက်စည်းကမ်းဖောက်ဖျက်ခြင်းများ ရှိနေပါက မြို့နယ်ရဲတပ်ဖွဲ့မှူးသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

## အခန်း(၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၇။ မည်သူမဆို ခွင့်ပြုမိန့်နှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုသူများအားနှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၈။ မည်သူမဆို ခွင့်ပြုမိန့်မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်း ပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၉။ မည်သူမဆို ပုဒ်မ ၈၊ ပုဒ်မခွဲ(င)အရ သတ်မှတ်သော စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ၁၁ နှင့် ၁၂ တို့ပါ စည်းကမ်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၈)

## အထွေထွေ

၂၀။ ဤဥပဒေအရ အရေးယူသောပြစ်မှုကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၂၁။ မည်သူမဆိုခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်း သို့မဟုတ် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုရာတွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ဖောက်ဖျက်လျှင်သော် လည်းကောင်း၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများကို ဆန့်ကျင် ကျူးလွန်လျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကို ထိခိုက် နစ်နာစေသော ပြုလုပ်မှုများ ကျူးလွန်လျှင်သော် လည်းကောင်း ယင်းဖောက်ဖျက်ကျူးလွန်မှုများကို ယင်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေအရ အရေးယူ ဆောင်ရွက်ရမည်။

၂၂။ နိုင်ငံသားတစ်ဦးချင်းအနေဖြင့်လည်း မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်အတွက် ငြိမ်းချမ်းစွာလှည့်လည်ခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းစသည့် အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ရာ၌ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၃။ ခွင့်ပြုချက်ရရှိသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းစွာ စုဝေးခြင်း သို့မဟုတ် စီတန်းခြင်း မပြုလုပ်လိုပါက ၂၄ နာရီအတွင်း သက်ဆိုင်ရာ မြို့နယ် ရဲတပ်ဖွဲ့မှူးထံ ပြန်လည် တင်ပြရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထဲရေး ဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**